


သိန်းမင်းစာပေ
လုံးချင်းဝတ္ထုသစ်
စွဲမက်သျှင်
မြကြာယံ

# မြကြာယံ
## စွဲမက်သျှင်

အဖွင့်

"ဂျူန်း ... ဒိန်း"

အချိန်အခါမဟုတ်ဘဲ ရေတွေသွန်ချလိုက်သလို ရွာချသည့် မိုးနှင့်အတူ လေပြင်းများက ဒလဟောတိုက်ခတ်နေပြီး မိုးကြိုးပစ်သံကိုပါ ကြားရသည့်အတွက် 'စွမ်း' က ကြောက်လန့်တကြား မျက်စိမှိတ်ထားမိသည်။

"စွမ်း" တို့ကားလေးသည် မိုးနှင့်လေကို တိုးမဖောက်နိုင်ဘဲ လမ်းကြမ်းကြမ်း၌ အလူးအလိမ့် ဖြစ်နေလေသည်။

"စွမ်း" သဘောကို ပြောရမည်ဆိုလျှင် ကားကို ဆက်မမောင်းဘဲ လမ်းနံဘေး နှစ်နေရာတွင် ထိုးရပ်ထားစေချင်မိသည်။ မိုးလေ ငြိမ်သက်သွားမှပဲ ခရီးဆက်စေချင်သည်။

လမ်းကြမ်းကြမ်းတွင် မမြင်မစမ်းနှင့် ကားမောင်းနေတာထက် လမ်းနံဘေးတွင် ကားရပ်ထားလိုက်တာကမှ အန္တရာယ် ကင်းလိမ့်မည်ဟု 'စွမ်း' က တွေးမိသည်။

သို့သော် "စွမ်း" ပေးသည့်အကြံကို "မောင်" က လက်မခံခဲ့ပါ။

"ရပ်ထားလို့တော့ မဖြစ်ဘူး စွမ်း။ ဖြစ်တဲ့နည်းနဲ့တော့ မောင်းရမှာပဲ။ ဒီနေရာမှာ မိုးချုပ်သွားလို့ မဖြစ်ဘူးကွ။ အသွားအလာ သိပ်ပြတ်တယ်"

ဟု ပြန်ပြောခဲ့သည်။

ဒီနေရာဒေသသည် 'စွမ်း' နှင့် ယဉ်ပါးသည့် ဒေသမဟုတ်သောကြောင့် 'စွမ်း' က ဘာမှ စောဒက မတက်နိုင်ပါ။ မောင့်သဘောအတိုင်းပဲ လွှတ်ထား ပေးလိုက်ရသည်။

ဒီဒေသက မောင့်ရဲ့ မွေးရပ်ဇာတိမို့ ဒီဒေသ၏အထာကို မောင်ပဲ သိပါ လိမ့်မည်။

"ဝေါ ... ဝေါ"

လေပြင်းတွေကြောင့် လမ်းနံဘေးရှိ သစ်ပင်များ၏ အကိုင်းအခက်တွေက သူမတို့ကားရှေ့သို့ ကိုင်းညွတ်ကျလာလိုက် ပြန်မတ်သွားလိုက် ဖြစ်နေတာ က တစ္ဆေတွေ ယိမ်းနေတာများလားဟု ထင်ရလောက်စေသည်။

ကားထဲမှ နာရီကို ကြည့်လိုက်တော့ ညနေခြောက်နာရီပဲ ရှိသေးသည်။ သို့သော် မိုးရော၊ လေရော သည်းထန်နေတာမို့ နေအလင်းရောင်က ပျောက်ဆုံးပြီး ဝန်းကျင်တစ်ခုလုံး ညကြီးမိုးချုပ်လို မှောင်မိုက်နေတော့၏။

"မောင် မရောက်သေးဘူးလားဟင်"

မိုးသံ လေသံတွေကို ထိုးဖောက်အောင် "စွမ်း" က အော်ဟစ်မေးမိသည်။

"ရှူး တိတ်တိတ်နေ စွမ်း၊ ခရီးမှာ မမေးရဘူး"

မောင့်အဖြေနှင့် တစ်ခုခုကို စိုးရိမ်တကြီး ဖြစ်နေပုံရသည့် မောင့်ဟန်ပန် ကြောင့် သူမကပါ ထိတ်လန့်သွားရလေသည်။

မောင်က တိတ်တိတ်နေပါဟု ပြောသော်လည်း သူမက မနေနိုင်ဘဲ မေးမိ ပြန်သည်။

"ဘာဖြစ်လို့လဲ မောင်"

မောင်က စကားနှင့် မဖြေဘဲ ခေါင်းကိုသာ ခါယမ်းပြလေသည်။ မောင့်

အမူအရာကြောင့် စွမ်းက ပိုမို ထိတ်လန့်သွားမိသည်။ ဒီလိုမျိုး မောင့် မျက်နှာ ပျက်နေတာကို သူမ တစ်ခါမှ မမြင်ဖူးခဲ့ပါ။ အခု ဘာဖြစ်နေတာလဲ။

မိုးသံလေသံများ မိုးကြိုး ထစ်သံများ။ သစ်ကိုင်းချင်း ထိရိုက်သံများကြောင့် တုန်လှုပ်ရသလို အမှောင်ကြောင့်လည်း ထိတ်လန့်နေရသည့် အချိန်၌ မောင့်အရိပ်အကဲကြောင့် စွမ်းက ငိုပင် ငိုချင်လာတော့သည်။

လမ်းကြမ်းကြမ်းပေါ်တွင် သူမတို့ ကားတစ်စီးတည်းသာ လူးလိမ့်မောင်းနှင်နေပြီး တခြားအသွားအလာ လုံးဝမရှိပါ။

လမ်းဘေးဝဲအမှောင်ထဲတွင် သစ်ပင်ကြီးငယ်များနှင့် ချုံနွယ်များကိုသာ တွေ့ရပြီး လူနေအိမ်ခြေကိုလည်း လုံးဝ မတွေ့ရပြန်ပါ။

အကယ်၍ မိုးလေပြင်းထန် မနေဘူးဆိုလျှင် ပတ်ဝန်းကျင်သည် သာယာကောင်း သာယာမည်ဖြစ်သော်လည်း အခုတော့ အမှောင်နှင့် အသံတွေကြောင့် ကြောက်မက်ဖွယ်ရာ။

ထိုအချိန်မှာပင် ကားရှေ့မီးရောင်မှ တစ်စုံတစ်ယောက် ဖြတ်ပြေးသွားတာကို မြင်လိုက်ရသည့်အတွက် သူမက အထိတ်တလန့် ထအော်လိုက်မိသည်။

"အမလေး"

သူမတို့ ကားကလေးသည် ရုတ်တရက် ဟန်ချက် ပျက်သွားလေသည်။ သို့သော် ကားကို ရပ်တန့်ခြင်း မရှိဘဲ မောင်က ရှေ့ဆက်မောင်းနေလေသည်။ ကားမှန်ပေါ်မှ မိုးစက်မိုးရေများကို ကားရေသုတ်တံကလေးက နိုင်အောင် မဖယ်ရှားနိုင်ပါ။ ထို့ကြောင့် ကားရှေ့ မြင်ကွင်းသည် ကြည်လင်မှုမရှိဘဲ မှုန်ဝါး ပိတ်ဆို့နေလေတော့သည်။

"ကားရှေ့က ကားရှေ့က ဘာဖြတ်သွားတာလဲ"

"ဘာမှမဖြတ်ပါဘူး။ လေတွေ ဒီလောက်တိုက်နေတာ သစ်ကိုင်းပဲ ဖြစ်မှာပေါ့"

"မဟုတ်ဘူး၊ စွမ်း စွမ်း အသေအချာမြင်လိုက်တယ်။ သစ်ကိုင်း လုံးဝ မဟုတ်ဘူး"

မောင်က ဘာမှပြန်မပြောဘဲ ကားကိုသာ ဂရုစိုက် မောင်းနေသည်။

"မောင် စွမ်း ကြောက်တယ်"

မောင့် လက်မောင်းကို သူမက လှမ်းကိုင်တော့ ထူးဆန်းစွာပင် မောင်က ရှန်းဖယ်ပစ်ပြီး သူမကိုလည်း လေသံမာမာနှင့် ဟိန်းဟောက်လေသည်။

"စွမ်း ငြိမ်ငြိမ်နေစမ်းကွာ၊ ကြောက်ရင် မျက်စိမှိတ်ထား"

မောင့်တုံ့ပြန်မှုကြောင့် စိတ်မကောင်းဖြစ်သွားသည့် စွမ်းက ကြောက်စိတ်ကို မျိုချကာ ခပ်ကွေးကွေးလေး ထိုင်နေရင်း ဒီခရီးကို လိုက်လာဖြစ်ခဲ့တာ မှားသွားပြီလားဟု စဉ်းစားမိသည်။

သူမတို့ အခုလာနေသော ခရီးသည် မောင့်မွေးဇာတိကို ရှေးရှုလာနေသော ခရီးဖြစ်သည်။ မောင့်မိဘတွေထံသို့ ဆွေပြမျိုးပြ လာခဲ့ကြခြင်း ဖြစ်သည်။

အခု မောင့်အသိုင်းအဝိုင်း ထံသို့ပင် မရောက်သေးဘဲ မောင့်အချိုးတွေက ပြောင်းလဲကုန်ပြီဟု စဉ်းစားလိုက်တာနှင့် စွမ်းက မျက်ရည်တွေ ကျလာပြီး ခရီးထွက်လာရသည့် အကြောင်းကို ပြန်တွေးမိလေတော့သည်။

***

အခန်း (၁)

မောင်နှင့်သူမ လက်ထပ်တော့ မောင့်မိဘ အသိုင်းအဝိုင်းဘက်မှ ဘယ်သူ

မှ ရောက်မလာနိုင်ခဲ့ပါ။

မောင့်မိဘနှစ်ပါးသည် ဝေးလံခေါင်သော နေရာဒေသတွင် နေထိုင်ပြီး အသက်အရွယ်ကြီးပြီ ဖြစ်သည့်အတွက် မလာနိုင်ကြခြင်း ဖြစ်သည်။ တခြားညီအစ်ကို မောင်နှမတွေကလည်း မလာနိုင်ကြ၏။ ထို့ကြောင့် မောင့်အလုပ်ရှင် လင်မယားကပင် မိဘနေရာမှာနေပြီး သူမကို တောင်းရမ်းလက်ထပ်ပေးခဲ့ကြတာ ဖြစ်သည်။

တကယ်တော့ မောင့်အလုပ်ရှင်ဆိုတာကလည်း သူမ၏ အလုပ်ရှင်ပဲ ဖြစ်လေသည်။ မောင်နှင့် သူမသည် ကုမ္ပဏီတစ်ခုတည်းတွင် အလုပ်အတူတူလုပ်ကြသူများမို့ပဲ ဖြစ်သည်။

မောင်နှင့် လက်ထပ်ပြီးမှ မောင့်မိဘတွေကို သွားကန်တော့မည်ဟု စိတ်ကူးထားသော်လည်း အလုပ်မှ ခွင့်မရသည့်အတွက် မသွားဖြစ်ခဲ့ပါ။ ဒီလိုနှင့် သုံးလတိတိ ကြာသွားခဲ့ရပြန်သည်။

ထိုကာလအတွင်းမှာပင် သူမသည် ထူးဆန်းသည့် အိပ်မက်တစ်ခုကို မြင်မက်ခဲ့လေသည်။

အိပ်မက်ဆိုသော်လည်း ထင်ရှား ပြတ်သားလွန်းလှသည့် အတွက် တကယ့် အဖြစ်အပျက်များလား ဟုပင် ထင်မှတ်ရလေသည်။

အိပ်မက်ထဲတွင် သူမသည် ကြီးမားကျယ်ဝန်းသည့် ခြံကြီးတစ်ခုထဲသို့ ရောက်နေပြီး ခြံကြီးသည် တိတ်ဆိတ် ငြိမ်သက်နေလေသည်။ ဘယ်သူမှ မရှိကြဘူးလားဆိုသည့် အတွေးဖြင့် ခြံကျယ်ကြီး၏ အတွင်းပိုင်းသို့ သူမ တရွေ့ရွေ့ လျှောက်ဝင်လာခဲ့ပြီးနောက် သူမ၏ မြင်ကွင်းထဲသို့ ရေနံ့ဝနေသော ပျဉ်ထောင်အိမ် မည်းမည်းကြီး တစ်လုံး ဘွားခနဲ ဝင်ရောက်လာလေသည်။

သစ်ပင်စိမ်းစိမ်း အုပ်အုပ်များကြားထဲတွင် အိမ်မည်းကြီးသည်

ထီးထီးမားမား တည်ရှိနေပြီး အိမ်ကြီး၏ နံဘေးဝန်းကျင်တွင်လည်း သူမမ သိသော လူစိမ်းများ ယောက်ယက်ခတ် သွားလာ လှုပ်ရှားနေလေသည်။

လူသူလေးပါး ကင်းရှင်းနေရာကနေ သွားလာ လှုပ်ရှားနေကြသည့် လူများကို မြင်တွေ့ ရသည့်အတွက် သူမက အားတက်သရော အိမ်ကြီးဆီသို့ လျှောက်သွားမိသည်။

အနားရောက်မှ အိမ်မည်းကြီးသည် သူမ ထင်ထားတာထက်ပင် ကြီးမား ခိုင်ခံ့ကြောင်း တွေ့ရလေသည်။

အိမ်ကြီး၏ မျက်နှာစာတွင် ပန်းများ စုပုံထားတာကို တွေ့ရပြီး အိမ်ကြီး၏ နံဘေးတွင် ယောက်ျား သုံးလေးယောက်သည် ဝါးများကို လွှာသပ်နေကြ လေသည်။

သူမသည် လူစိမ်းများကို လိုက်လံကြည့်နေမိသော်လည်း လူများကတော့ သူမကို အရေးလည်းမလုပ်၊ ကြည့်လည်း မကြည့်ဘဲ သူတို့၏ အလုပ်တွေ ကိုသာ သူတို့ လုပ်ကိုင်နေကြလေသည်။

ထူးခြားတာကတော့ အိမ်ကြီးထဲသို့ ဝင်လိုက် ထွက်လိုက် လုပ်နေသူများ ရော၊ ပန်းမျိုးစုံ အပုံလိုက်ကြီးကို ပြုပြင်နေကြသူများရော၊ ဝါးလုံးများနှင့် အလုပ်ရှုပ်နေသူများရော အားလုံးသည် စကား တစ်ခွန်းမှ မပြောကြဘဲ တိတ်ဆိတ်စွာ အလုပ် လုပ်နေကြခြင်းပင် ဖြစ်လေသည်။

သူမက တစ်ခုခု မေးမြန်း ကြည့်ချင်မိသော်လည်း ဘယ်သူကမှ အရေးမ လုပ်သည့် အတွက် မေးခွင့်မသာဘဲ နောက်ဆုံးတော့ အိမ်ကြီးအထဲသို့ ဝင် သွားကြသူများနှင့် ရောနှောကာ သူမလည်း အိမ်ထဲသို့ ဝင်လာခဲ့လိုက်လေ သည်။

သူမကို အရေးမလုပ်ကြသည့် သူစိမ်းများသည် အိမ်ထဲသို့ သူမ ဝင်လာ

တာကိုလည်း တားမြစ် ကန့်ကွက်ခြင်း မရှိကြပါ။ ကြည့်ရတာ ထိုလူများသည် သူမကိုပင် တွေ့မြင်ခြင်း မရှိသလို ထင်မှတ်ရလေသည်။

အိမ်ကြီးထဲသို့ ဝင်လိုက်တာနှင့် လက်လက်ထအောင် တိုက်ထားသော လှျာထိုး ကြမ်းခင်းများကို တွေ့ရသည်။ ကြမ်းပေါ်သို့ ခြေချနင်းလိုက်တာနှင့် သူမ တစ်ကိုယ်လုံး အေးစိမ့်သွားပြီး ကြက်သီး မွေးညင်းများပင် ထသွားရလေသည်။

အိမ်ကြီးထဲတွင် အပြင်ကလောက် အလင်းရောင် မရှိသလို အပြင်မှာလိုလည်း လူမများပါ။ သူမ နှာခေါင်းထဲသို့ အမွှေးတိုင်ရနံ့လိုလို၊ ပန်းရနံ့လိုလို အနံ့များ တိုးဝင်လာနေပြီး သူမ၏ ခြေလှမ်းများက အိမ်အလယ်သို့ တရွေ့ရွေ့ လှမ်းသွားမိလေသည်။

သူမ ဦးတည်သွားနေသော နေရာတွင် တစ်ယောက်အိပ် ခုတင်တစ်လုံး ရှိနေပြီး၊ ပန်းရောင် ဇာထူထူ ခြင်ထောင်ကိုလည်း ထောင်ထားတာ တွေ့ရလေသည်။

လူတချို့သည် ထိုခုတင်ကို ဝိုင်းပတ်ထိုင်နေကြခြင်း ဖြစ်ပြီး သူမ ထိုခုတင် အနားသို့ ရောက်သွားချိန်တွင် ကျောကုန်းတွင် မြင်းဘုကြီးတစ်လုံး ရှိနေသည့် အဘိုးကြီးတစ်ယောက်သည် ခြင်ထောင်ကို ဆွဲလှန်လိုက်လေသည်။

ဒီတော့ ခုတင်ပေါ်တွင် အလောင်းတစ်လောင်း ပြင်ထားခြင်း ဖြစ်ကြောင်းကို သူမက သိလိုက်ရပြီး ပြင်ထားသည့် အလောင်းကိုပါ လှမ်းကြည့်ဖြစ်သွားလေတော့သည်။

ခုတင်ပေါ်မှ အလောင်းသည် ဖြူဖွေးပိန်ပါးသော အဘွားကြီး တစ်ယောက်၏ အလောင်းဖြစ်ပြီး ထူးဆန်းအံ့သြဖို့ ကောင်းတာကတော့ သေဆုံးနေသည့် အဘွားကြီး၏ ပခုံးထက်တွင် ဦးခေါင်းနှစ်လုံး ရှိနေခြင်းပင် ဖြစ်လေသည်။

ဦးခေါင်းတစ်လုံးသည် ပုံမှန်အရွယ်အစား ဖြစ်ပြီး နောက်ထပ် ဦးခေါင်းကတော့ ပုံမှန်ထက် သေးငယ်နေလေသည်။

"ဘုရားရေ ခေါင်းနှစ်လုံးပါလား" ဟု အသံထွက်ပြီး သူမက ရေရွတ်လိုက်ချိန်မှာပင် အိပ်မက်မှ လန့်နိုးသွားခဲ့ရလေသည်။

နိုးနိုးချင်း သူမသည် အံ့အားသင့်လွန်းလို့ ရင်တဒိတ်ဒိတ် ခုန်နေပြီး အသက်ရှူသံတွေလည်း မြန်ဆန်နေခဲ့လေသည်။ အိပ်မက်သည် ထင်ရှားပြတ်သားလွန်းလှသည့် အတွက် အိပ်မက်ထဲမှ အကြောင်းအရာ အဖြစ်အပျက်များ၊ လူမျက်နှာများ၊ နေရာ အခင်းအကျင်းများကို သူမက စွဲမြဲထင်ရှားစွာ မှတ်မိနေခဲ့ပြီး အိပ်မက်အကြောင်းကို ပြောပြဖို့အတွက် မောင့်ကို နှိုးမိ သွားလေတော့သည်။

အဲဒီမှာတင် အိပ်မက်ထဲကလို ထူးဆန်း အံ့သြဖွယ်များကို ဆက်တိုက်ကြုံတွေ့လိုက်ရ လေတော့၏။

***

## အခန်း (၂)

အိပ်ရာပေါ်တွင် ယောင်နန ထိုင်နေရင်းမှ နံဘေးတွင် အိပ်မောကျနေသည့် မောင့်ကို သူမက လှုပ်နှိုးမိခဲ့လေသည်။

"မောင် ... မောင်"

မောင်က တစ်ချက် လူးလွန့်လိုက်ပြီး တစ်ဖက်သို့ စောင်းပြီး ပြန်အိပ်သွားခဲ့ပြန်သည်။

"မောင့်..... မောင် ထပါဦးကွာ၊ ပြောစရာရှိလို့"

အိပ်ချင်မူးတူး မျက်လုံးများနှင့် မောင်က မျက်လုံး ဖွင့်ကြည့်သည်။

"ဟာ... ပြောစရာရှိရင် မနက်မှပြော"

အအိပ်မက်သည့် မောင်က တစ်ဖက်သို့လှည့်ကာ ချက်ချင်း ပြန်အိပ်ပျော်သွားပြန်သည်။

အိပ်မက်အကြောင်း ပြောချင်စိတ် ပြင်းထန်နေသည့် သူမကလည်း မောင့်ကို မရမက ပြန်နှိုးမိပြန်သည်။

"မောင် ထပါကွာ၊ မနက်မှ ပြောလို့မရဘူး။ အခုပြောမှကို ဖြစ်မှာ၊ ထပါ မောင်ရဲ့"

"စွမ်းကလဲကွာ၊ ဘာမှန်းလဲမသိဘူး၊ အိပ်ကောင်းခြင်း မအိပ်ရတာ စိတ်ပျက်ဖို့ ကောင်းတယ်။ ဘာပြောမှာလဲ ပြော"

သူမ အတင်းဆွဲထူတော့မှ မောင်က စူပွပွနှင့် ထထိုင်ခဲ့သည်။

"မောင် မျက်နှာသစ်လိုက်ပါလား"

"ဟာကွာ မျက်နှာသစ်ပြီးမှ နားထောင်ရမှာလား။ မရစ်နဲ့ စွမ်းရာ။ ပြောစရာရှိတာ မြန်မြန်ပြော၊ ပြီးရင် ကိုယ်ပြန်အိပ်မှာ၊ အိပ်ရေးပျက်တာကို လုံးဝ သည်းမခံနိုင်ဘူး"

ခါတိုင်းလိုသာဆို မောင်က ဒီလောက်တောင် စူပွနေလျှင် သူမက ဘာမှမပြောတော့ဘဲ စိတ်ကောက် ပစ်လိုက်မိမှာ သေချာသည်။ အခုတော့ ထူးဆန်းသည့် အိပ်မက်ကို ပြောချင်လှသောကြောင့် စိတ်ရှည် ပေးလိုက်ရတော့သည်။

"စွမ်း အိပ်မက်မက်လို့မောင်"

"ဟာကွာ အိပ်မက်မက်တာများ ဆန်းသလား"

"ဆန်းတယ်မောင် တကယ်ဆန်းတယ်။ အဲဒီလို အိပ်မက်မျိုး တစ်ခါမှ မမက်ဖူးဘူး။ အိပ်မက်သာဆိုတယ် ထင်ရှား ပြတ်သားလွန်းလို့ စွမ်းဖြင့် တကယ်ဖြစ်နေသလား လို့တောင် ထင်မိတယ်။ အိပ်မက်ထဲက အကြောင်းအရာတွေကိုလဲ အလွတ်တစ်ခါတည်း ရသွားတယ် မောင်"

ထိုလောက်အထိ မောင်က သူမပြောသည့် စကားကို စိတ်ဝင်စားပုံမရသေးပါ။ စိတ်မရှည် ဟန်ပန်မျိုးဖြင့် သူမကို စူးစိုက်ကြည့်နေခဲ့လေသည်။

"နိဒါန်းတွေကလဲ ရှည်လျားလိုက်တာ စွမ်းရာ" ဟု ရေရွတ်ပြီး မောင်က အိပ်ရာပေါ်ကနေ ရေခဲသေတ္တာဆီသို့ လျှောက်သွားကာ ရေတစ်ပုလင်းကို တဂျိုက်ဂျိုက်ဖြင့် မော့သောက်နေပြန်သည်။

"တကယ် ထူးဆန်းတယ် မောင်၊ အိပ်မက်ထဲမှာ စွမ်း တစ်ခါမှ မရောက်ဖူးတဲ့ နေရာကိုရော၊ တစ်ခါမှ မမြင်ဖူးတဲ့ လူတွေကိုရော တွေ့ခဲ့ရတယ်။ စစဆုံး စွမ်းက သစ်ပင်တွေ အုပ်စိုင်းနေတဲ့ ခြံဝင်းကြီးထဲကို ရောက်နေတာ။ ခြံထဲမှာ ရေနံချေးတွေဝနေတဲ့ သစ်သားအိမ်မည်းမည်းကြီး တစ်လုံးကို တွေ့ရ

တယ်"

ထိုစကားကို ကြားလိုက်ရတာနှင့် မောင့်မျက်နှာသည် သိသာစွာ ပြောင်းလဲသွားခဲ့ပြီး သူမအနားသို့ အလျင်စလို ရောက်လာခဲ့ လေတော့သည်။

"အိမ်မည်းကြီး ဟုတ်လား စွမ်း"

"ဟုတ်တယ် မောင်၊ အဲဒီအိမ်မည်းကြီးက ခြံအကျယ်ကြီးထဲမှာ ရှိနေတာ။ အိမ်အနားမှာရော။ အိမ်ထဲကို အဝင်အထွက် လုပ်နေတာရော၊ လူတွေမှ အများကြီးပဲ မောင်။ ဒါပေမဲ့ စွမ်း မြင်ဖူး၊ တွေ့ဖူးတဲ့သူတွေ တစ်ယောက်မှ မပါသလို၊ အဲဒီလူစိမ်းယောကျ်ား မိန်းမအားလုံးကလည်း စွမ်းကို တစ်ယောက်မှ အဖက်မလုပ်ကြဘူး"

သူမက ပြောလက်စ စကားကို ခဏရပ်လိုက်တော့ မောင်က ဆန္ဒစောနေသည့် မျက်လုံးများနှင့် သူမကို ကြည့်နေခဲ့လေသည်။

မောင့် အမူအရာ အပြောင်းအလဲကို သတိထားမိသည့်အတွက် စွမ်းက တစ်မျိုးကြီး ဖြစ်သွားခဲ့ရလေသည်။

"ပြော ပြောလေစွမ်း၊ ပြီးတော့ ဘာတွေ ဆက်ဖြစ်သလဲ"

"အိမ်ကြီးဆီသို့ စွမ်းရောက်သွားတော့။ အိမ်ရှေ့မှာ ပန်းတွေ ပုံထားတာ တွေ့ရတယ်။ ယောကျ်ားကြီးတွေက ဝါးလုံးတွေကိုခွဲပြီး အလုပ်ရှုပ်နေကြတယ်။ သူတို့တွေက တစ်ယောက်နဲ့ တစ်ယောက် စကား လုံးဝ မပြောကြဘူး။ အိမ်ကြီးထဲကို ဝင်တဲ့သူတွေက ဝင်နေကြလို့ စွမ်းပါ ဝင်လိုက်သွားတယ်"

"လိုက် ... လိုက်သွားတော့ ဘာတွေဖြစ်လဲ စွမ်း"

မောင်က အလောတကြီး ဝင်မေးသည်။

မောင့် စိတ်ဝင်စားမှုသည် ပုံမှန်မှ ဟုတ်ရဲ့လားဟု သူမက တွေးမိပြန်သည်။ ဒါပေမဲ့ ဘယ်လို ထင်ကြေးမျိုးကိုမှလည်း မပေးနိုင်ပြန်ပါ။ မောင့်အမူအရာတွေ ထူးခြားလာတာကတော့ လုံးဝကို သေချာနေလေသည်။

"အိမ်ထဲက ကြမ်းခင်းတွေဟာ ဖိတ်ဖိတ်တောက်အောင် ပြောင်လက်နေတာပဲ မောင်၊ အိမ်ရှေ့ခန်းကြီးရဲ့ အလယ်တည့်တည့်မှာ တစ်ယောက်အိပ်ခုတင်တစ်လုံး ခင်းထားတယ်။ ဇာခြင်ထောင်လဲ ထောင်ထားတယ်။ အဲဒီအနားကို စွမ်း တိုးသွားတော့ ကျောကုန်းမှာ မြင်းဘုကြီးပါတဲ့ အဘိုးကြီးတစ်ယောက်က ဇာခြင်ထောင်ကို ဆွဲလှန်လိုက်တယ် မောင်"

မောင့်မျက်နှာသည် သွေးဆုတ်ဖြူရော်သွားခဲ့ပြီး သူမကိုလည်း ခပ်ကြောင်ကြောင် မျက်လုံးများနှင့် စူးစိုက်ကြည့်နေခဲ့လေသည်။

"အဲဒီ... အဲဒီ ခုတင်ပေါ်မှာ လူသေအလောင်း တစ်လောင်းကို အကျအနပြင်ထားတာ မောင်၊ သေနေတာက အဘွားကြီးတစ်ယောက်ပဲ။ သိပ်ထူးဆန်းတာပဲ မောင်၊ အဲဒီ အဘွားကြီးဆီမှာ ခေါင်းနှစ်လုံးတောင် ရှိနေတယ်။ အဲဒီ နေရာမှာပဲ စွမ်းလဲ နိုးလာခဲ့တာ"

"မောင့်မျက်နှာသည် ဖြူရော်ရော်ကနေ ပြာနှမ်းနှမ်း အသွင်သို့ ကူးပြောင်းသွားလေသည်။

မောင့်ကို ကြည့်ရတာ အသက်ကို ခက်ခဲပင်ပန်းစွာ ရှူနေရသည့် ပုံစံမျိုးဖြစ်နေပြီး၊ မောင့်မျက်လုံးတွေကတော့ စိုးရိမ် ထိတ်လန့်သည့် အသွင်ကို ဆောင်နေခဲ့လေသည်။

"မောင် ..."

မောင်က သူမခေါ်တာကို ချက်ချင်း မတုံ့ပြန်နိုင်သေးဘဲ ငြိမ်သက်နေခဲ့သည်။

"မောင် ဘာဖြစ်လို့လဲ"

"ဟင့်အင်း ဘာမှ မဖြစ်ပါဘူး။ စွမ်း ... စွမ်း အိပ်မက်က တကယ် ထူးဆန်းတာပဲ။ ဒါပေမဲ့ သွေးလေ ချောက်ချားလို့မက်တဲ့ အိပ်မက်ပဲ ဖြစ်မှာပါ စွမ်းရယ်။ ကဲ ... ကဲ ပြန်အိပ်တော့နော်"

"မဟုတ်ဘူး မောင်၊ အိပ်မက်က ထင်ထင်ရှားရှား ပြတ်ပြတ်သားသားကြီး အပြင်မှာ တကယ် ဖြစ်နေသလား လို့တောင် အောက်မေ့ရတယ်။ ဒါ သွေးလေ ချောက်ချားလို့ မက်တဲ့ အိပ်မက် မဟုတ်နိုင်ဘူးနော်။ အဓိပ္ပာယ်တစ်ခုခုတော့ ရှိကို ရှိလိမ့်မယ်"

"မိန်းမကလည်း အိပ်မက်ကို အတွေးခေါင်နေပြန်ပါပြီ"

မောင်က ရယ်ရယ်မောမော ပြောသည်။

သို့သော် မောင့်ရယ်သံတွေက အသက်မပါကြောင်း သိသာလွန်းလှသည်။

မောင် ဘာဖြစ်သွားရတာလဲ။

စောစောတုန်းက အိပ်ရေးပျက်တာကို လုံးဝ သည်းမခံနိုင်ပါဘူးဟု ပြောခဲ့သည့် မောင်သည် အခုတော့ ပြန်အိပ်မည့်ပုံမရှိဘဲ။ ဝရန်တာကလေးဆီသို့ ထွက်သွားလေသည်။

သူမကလည်း မောင့်နောက်မှ အသာလေးပဲ လိုက်လာခဲ့လိုက်သည်။ မောင့်ပုံစံသည် ဂနာမငြိမ် ဖြစ်နေပြီး တစ်ခုခုကို စိုးရိမ်နေသလိုမျိုး ဖြစ်နေသည်ဟု စွမ်းက ခန့်မှန်းမိသည်။

တစ်နေ့လုံး တစ်ညလုံး ဒီပုံစံ မဟုတ်ဘဲ အကောင်းသားကြီးကနေ အခု သူမ၏ အိပ်မက်ကို ကြားလိုက်ရပြီးမှ မောင် ပြောင်းလဲသွားတာ ဖြစ်သည်။

ဘာကြောင့်လဲ။

စဉ်းစားရ အတော်ခက်တာပဲဟု စွမ်းက တွေးမိသည်။

"မောင် မအိပ်တော့ဘူးလား"

အတွေးလွန်နေဟန်တူသည့် မောင်က သူမအသံကြောင့် လန့်သွားပုံရသည်။

"စွမ်း အိပ်တော့လေ။ မောင် မျက်စိကြောင်သွားလို့ ခဏ ထိုင်လိုက်ဦးမယ်"

"မောင် နေကောင်းရဲ့လား"

"ကောင်းပါတယ် စွမ်းရဲ့"

"မသိပါဘူး။ မောင့်ကို ကြည့်ရတာ တစ်မျိုးကြီး ဖြစ်နေသလားလို့ပါ"

"ဟာ... ဘာမှမဖြစ်ပါဘူး။ ဘာဖြစ်စရာရှိလို့လဲ"

မောင်က ထိတ်ထိတ်ပျာပျာ ငြင်းဆန်သည်။

ဒီလောက်တောင် အမူအရာပျက်ပြီး ငြင်းနေစရာ မလို ဟု တွေးမိတော့ သူမက ခေါင်းနောက်သွားခဲ့ရတော့သည်။

"မောင့် မျက်နှာတွေ ဖြူဖပ်ဖြူရော် ဖြစ်နေသလားလို့"

"အိပ်မောကျနေရာကနေ ရုတ်တရက်ကြီး လန့်နိုးသွားလို့ ဖြစ်မှာပေ့ါ စွမ်းရယ်။ စွမ်း သွားအိပ်တော့လေ"

"ဟင့်အင်း မအိပ်ချင်တော့ဘူး။ စိတ်ထဲမှာ အိပ်မက်အကြောင်းပဲ စွဲနေတယ်။ တစ်သက်နဲ့တစ်ကိုယ် ဒီလို အိပ်မက်မျိုး တစ်ခါမှ မမက်ဖူးဘူး မောင်။ အိပ်မက်ထဲက လူတွေကိုလဲ အပြင်မှာ တစ်ခါမှ မမြင်ဖူးဘူး။ အဲ့ဒါ အရမ်း ထူးဆန်းတယ်"

"ဒီလိုပါပဲ စွမ်းရယ်။ အိပ်မက်ဆိုတာ မက်ချင်သလို မက်တတ်တာပါပဲ"

"အိပ်မက်ထဲက အဘွားကြီးရဲ့ အလောင်းကတော့ အတော်ထူးဆန်းတာနော် မောင်၊ စွမ်း မျက်စိထဲမှာ အခုထိ စွဲနေတယ်။ ခေါင်းက နှစ်လုံးတောင်

ရှိနေတာ မောင်၊ ခေါင်းတစ်လုံးက ပုံမှန်ပဲ။ နောက်ခေါင်းတစ်လုံးက နည်းနည်း သေးတယ်။ တွေးကြည့်ရုံနဲ့တင် ကျောချမ်းစရာကြီး မောင်ရယ်၊ ဒီအိပ်မက်က ဘာသဘောလဲ၊ ဘယ်လို့ အဓိပ္ပာယ်လဲ ဆိုတာကို စွမ်း အရမ်းသိချင်တာပဲ"

မောင့်ထံမှ ချောင်းဆိုးသံ အက်ကွဲကွဲကို ကြားခဲ့လေသည်။

"တော်ပါတော့ စွမ်းရယ်၊ အိပ်ပါတော့"

သူမကို အိပ်ခိုင်းနေသည့် မောင့်အသံသည် ပုံမှန်အသံ မဟုတ်ဟု တွေးမိသော်လည်း မေးလို့မရမှာချင်းအတူတူ မမေးတော့ဘဲ စွမ်းက အိပ်ရာထဲသို့ တစ်ယောက်တည်း ပြန်ဝင်လာခဲ့တော့သည်။

အိပ်ရာထဲတွင် လှဲလျောင်းနေမိသော်လည်း စွမ်းက ပြန်အိပ်လို့ မရတော့ဘဲ မျက်စိ ကြောင်သွားသည်။

အိပ်မရသည့်အခါမှာတော့ အိပ်မပျော်သူများ၏ ထုံးစံအတိုင်း အတွေးများက ပျံ့လွင့်၍ မောင်နှင့် ပတ်သက်တာတွေကို တွေးတောမိခဲ့လေတော့သည်။

***